## သက်န်း၌ ပစ္စဝေက္ခဏာဆင်ခြင်ပုံ

ချမ်း-ပူကို ဖျက်၊ ခြင်-မှတ်-လေ-နေ၊/ ကင်း-မြွေလွဲသုန်၊ ဟိရီဂုဏ်ကို၊/ ကုန်စေ တတ်စွာ၊ ကိုယ်အင်္ဂါကို၊/ လုံပါစေလို၊ ကိုယ်ကို စံပယ်၊/ ဆင်ပြင်မယ်ဟု၊ စိတ်ဝယ် မသန်း၊/ ဤသက်န်းကို၊ ဖုံးလွှမ်း ဝတ်ရုံပါသတည်း။

## ဆွမ်း၌ ပစ္စဝေက္ခဏာဆင်ခြင်ပုံ

ဤသည့်စားဖွယ်၊ အမယ်မယ်ကို၊/ မြူးရယ်မာန်ကြွ၊ လုပ ရေဆင်း၊/ ပြည့်ဖြိုးခြင်းငှာ၊ မသုံးပါဘူး၊/ လေးဖြာခတ်ဆောင်၊ ဤကိုယ်ကောင်သည်/ ရှည်အောင်တည်လျက်၊ အသက်မျှတန်း၊/ မမောပန်းငြား၊ ဘုရားသာသနာ၊/ ကျင့်နှစ်ဖြာကို၊ ကျင့်ပါနိုင်စေ၊/ ဝေဒနာဟောင်း-သစ်၊ မဖြစ်စေရ၊/ ယာပိုထ်မျှလစ်၊ ခပ်သိမ်းပြစ်ကို၊/ မဖြစ်လေအောင်၊ ချမ်းမြေ့အောင်ဟု၊/ သုံးဆောင်မှီဝဲပါသတည်း။

## ကျောင်းအိပ်ရာ-နေရာ ၌ ပစ္စဝေက္ခဏာဆင်ခြင်ပုံ

ချမ်း-ပူကိုဖျက်၊ ခြင်-မှတ်-လေ-နေ၊/ကင်းမြွေဝေးမှု၊ ဥတု ဘေးဘျမ်း၊/ မသန်း ကင်းစင်၊ စိတ်ကြည်လင်ကြောင်း၊/ နေရာ ကျောင်းကို၊/ ကိန်းအောင်းမှီခို ပါသတည်း။

## ဆေးအကပ်ခံရာ ဆေးဘုဉ်းပေးရာ၌ ပစ္စဝေက္ခဏာဆင်ခြင်ပုံ

ကျင်နာခံခက်၊ နှိပ်စက်ဖိစီး၊/ ဖြစ်ပြီးဖြစ်လာ၊ ဝေဒနာကို၊/ စွန့်ခွာပယ်လျှင်း၊ ဆင်းရဲကင်း၍၊/ လူမင်းမြတ်စွာ၊ သာသနာကို၊/ ကြည်သာရွှင်လန်း၊ဖြည့်ကျင့်စွမ်းနိုင်ဖို့၊/ရည်မှန်းသုံးဆောင်ပါသတည်း။

Scanned with CamScanner

## အမျှပေးဝေပုံ

ဤကုသိုလ်၏ အဖို့ဘာဂကို/ မိဘဆရာ သံဃာတော်အပေါင်း/ ဒါယကာ, ဒါယိကာမအပေါင်း/ နတ်အပေါင်းနှင့်တကွ/ သတ္တဝါဟူသမျှ တို့အား/ အမျှပေးဝေကြပါကုန်၏/ အမျှရကြပါစေကုန်သတည်း။

(၁၄၃)
သာဓု သာဓု သာဓု

❖ ❖ ❖

## နေ့အလိုက် ဂုဏ်တော်ပူဇော်ရန်

၁။ တနင်္ဂနွေနေ့ - ဘုရားဂုဏ်တော် (စာ-၁၆)
(အရဟံဂုဏ်တော်မှ သုဂတဂုဏ်တော်အထိ)

၂။ တနင်္လာနေ့ - ဘုရားဂုဏ်တော် (စာ-၁၈)
(လောကဝိဒူဂုဏ်တော်မှ ဗုဒ္ဓဂုဏ်တော်အထိ)

၃။ အင်္ဂါနေ့ - ဘုရားဂုဏ်တော် (စာ-၂၀)
(ဣသိရိယဘုန်းတော်)

၄။ ဗုဒ္ဓဟူးနေ့ - ဘုရားဂုဏ်တော် (စာ-၂၀)
(ဓမ္မဘုန်းတော်မှ ပယတ္တဘုန်းတော်အထိ)

၅။ ကြာသပတေးနေ့ - တရားဂုဏ်တော်အကုန် (စာ-၂၂)

၆။ သောကြာနေ့ - သံဃာ့ဂုဏ်တော် (စာ-၂၅)
(သုပ္ပဋိပန္နဂုဏ်တော်မှ ပုရိသယုဂါနိပါဋ်ပွင့်အထိ)

၇။ စနေနေ့ - သံဃာ့ဂုဏ်တော် (စာ-၂၆)
(အာဟုနေယျဂုဏ်တော်မှ အနုတ္တရံပုညက္ခေတ္တအထိ)

❖ ❖ ❖

# ညဝတ်ရွတ်စဉ်

ဗုဒ္ဓံ ပူဇေမိ။

ဓမ္မံ ပူဇေမိ။

သံဃံ ပူဇေမိ။

## ဘုရားဂုဏ်တော်များ

### ဂုဏ်တော် ၉-ပါး ပါဠိတော်

ဣတိပိ/ သော ဘဂဝါ/ အရဟံ, သမ္မာသမ္ဗုဒ္ဓေါ,/
ဝိဇ္ဇာစရဏသမ္ပန္နော,/ သုဂတော, လောကဝိဒူ,/
အနုတ္တရော ပုရိသဒမ္မသာရထိ,/သတ္ထာဒေဝမနုဿာနံ,/
ဗုဒ္ဓေါ, ဘဂဝါ။

### အရဟံ ဂုဏ်တော်အဖွင့်

(၁) သော ဘဂဝါ-/ထိုရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်၊/ဣတိပိ ဣမိနာစ ကာရဏေန-/တစ်ထောင့်ငါးရာ ကိလေသာတို့/ ဝါသနာဓလေ့ အထိုင်ငွေ့ မျှ/ မငွေ့မရိပ် ဝင်းဝင်းဖိတ်သို့/ ရွှေစိတ်ပျံ့သင်း လွန်သန့်ရှင်း၍/ မင်းမင်းပြည်သူ ကြည်ဖြူကော်ရော်/ အလှူတော်မှန် အပူဇော်ကို/ ခံတော်မူထိုက်သော ဤအကြောင်းကြောင့်လည်း၊/ အရဟံ-/ အရဟံဟူသော ဂုဏ်တော်ကြီးဖြင့်/ အံ့ချီး၍မကုန် ဖြဟ္မာ့ဘုံတိုင်အောင်/ ပျံ့လှိုင်ကျော်ကြား ထင်ရှားတော်မူပါပေသည်တကား။

Scanned with CamScanner

## သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်ဖွင့်

(၂) သော ဘဂဝါ-/ ထိုရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်၊/ ဣတိပိ ဣမိနာ စ ကာရဏေန-/သဗ္ဗညုတဉာဏ်အား စွမ်းပကားဖြင့်/ များသခါရ ဝိကာရနှင့်/ လက္ခဏာပညတ် နိဗ္ဗာန်ခေတ်ဟု/ ငါးရပ်သိရန် ဍေယျဓမ်ကို/ ဖောက်ပြန်မရှိ ကိုယ်တော်တိုင်သိတော်မူသော ဤအကြောင်းကြောင့်လည်း၊/ သမ္မာသမ္ဗုဒ္ဓေါ-/ သမ္မာသမ္ဗုဒ္ဓဟူသော ဂုဏ်တော်ကြီးဖြင့် / အံ့ချီး၍မကုန် ဖြဟ္မာ့ဘုံတိုင်အောင်/ ပျံ့လွှင်ကျော်ကြား ထင်ရှားတော်မူပါပေသည်တကား။

## ဝိဇ္ဇာစရဏသမ္ပန္န ဂုဏ်တော်ဖွင့်

(၃) သောဘဂဝါ-/ထိုရွှေဘုန်းတော်သခင်ရှင်တော်မြတ်ဘုရားသည်၊ ဣတိပိ ဣမိနာ စ ကာရဏေန-/ သုံးပါး ရှစ်ပါး နှစ်မျိုးအားဖြင့်/ ဟောထား ပညာ ဉာဏ်ဝိဇ္ဇာတည်း၊/ နိဗ္ဗာနခေတ် အမြိုက်ရပ်သို့/ ဆိုက်ကပ်ရန်ဖြင့် အမှန်သင့်သည့်/ အကျင့်စရဏ ဆယ့်ငါးဝနှင့် / တကွဥဿုံ ပြည့်စုံတော်မူသော ဤအကြောင်းကြောင့်လည်း၊/ ဝိဇ္ဇာစရဏသမ္ပန္နော-/ ဝိဇ္ဇာစရဏသမ္ပန္န ဟူသော ဂုဏ်တော်ကြီးဖြင့်/ အံ့ချီး၍မကုန် ဖြဟ္မာ့ဘုံတိုင်အောင်/ ပျံ့လွှင်ကျော်ကြား ထင်ရှားတော်မူပါပေသည်တကား။

## သုဂတ ဂုဏ်တော်ဖွင့်

(၄) သော ဘဂဝါ-/ ထိုရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်၊/ ဣတိပိ ဣမိနာ စ ကာရဏေန-/ ဒီပင်္ကရာ ထွတ်ချာသနင်းခြေတော်ရင်းမှ/ မှန်ကင်းသီရိ ဗောဓိမဏ္ဍိုင် ခန်းဝါပိုင်အောင်/ ဆယ်ခိုင်ပါရမီ စုံပြည့်ညီလျက်/သုံးလီဘဝ များသတ္တ၏ / သုခစီးပွား ကျင့်သောအားဖြင့် / မိုက်မှားအယူ မိစ္ဆာဟူက/ ဆံမြူတစိ မကပ်ငြိဘဲ/ သတိ

သမ္မဇဉ် မပြတ်ယှဉ်လျက်/ သဗ္ဗညုဉာဏ်တော် ရကြောင်းရော်၍/ ကြွတော်မူခဲ့သော ဤအကြောင်းကြောင့်လည်း၊/ သုဂတော-/ သုဂတ ဟူသော ဂုဏ်တော်ကြီးဖြင့်/ အံ့ချီး၍မကုန် ဖြပ်ဟ္မာဘုံတိုင်အောင်/ ပျံ့လွှင်ကျော်ကြား ထင်ရှားတော်မူပါပေသည်တကား။

## လောကဝိဒူ ဂုဏ်တော်ဖွင့်

(၅) သော ဘဂဝါ-/ ထိုရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်၊/ ဣတိပိ ဣမိနာ စ ကာရဏေန-/ သတ္တောကာသ သင်္ခါရဟု/ လောကသုံးဘုံ အလုံးစုံကို/ အာရုံထင်စွာ ပိုင်းခြားကာဖြင့်/ ကောင်းစွာ ကုန်စင် သိမြင်တော်မူသော ဤအကြောင်းကြောင့်လည်း၊/လောကဝိဒူ-/ လောကဝိဒူ-ဟူသော ဂုဏ်တော်ကြီးဖြင့်/ အံ့ချီး၍မကုန် ဗြဟ္မာ့ဘုံတိုင်အောင်/ ပျံ့လွှင်ကျော်ကြား ထင်ရှားတော်မူပါပေသည်တကား။

## အနုတ္တရောပုရိသဒမ္မသာရထိ ဂုဏ်တော်ဖွင့်

(၆) သော ဘဂဝါ-/ ထိုရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်၊/ ဣတိပိ ဣမိနာစ ကာရဏေန-/ ဆုံးမသင့်ရန် သတ္တဝါမှန်သော်/ ခြောက်တန်လျှင်ခြောက် မြောက်တန်မြောက်၍/ အောက်အောက်ထက် ဂုဏ် ဆင့်ဆင့်စုံဖို့/ ဖုံဖုံသင်ပေး အစဉ်ဖေးလျက်/ ယဉ်ကျေးလေအောင် သွေးဆောင်ဆုံးမတော်မူတတ်သော ဤအကြောင်းကြောင့်လည်း၊/ အနုတ္တရော ပုရိသဒမ္မသာရထိ-/ အနုတ္တရော ပုရိသဒမ္မသာရထိ ဟူသော ဂုဏ်တော်ကြီးဖြင့်/ အံ့ချီး၍မကုန် ဗြဟ္မာ့ဘုံတိုင်အောင်/ ပျံ့လွှင်ကျော် ကြား ထင်ရှားတော်မူပါပေသည်တကား။

Scanned with CamScanner